# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၅၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၄၉ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၆ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၂) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်၊

(၃) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၄ ရက်၊

(၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၆) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈) တနင်္ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၉) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

(၁၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၁ ရက်၊

(၁၄) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၁၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၉ ဦး ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲအတွင်းရှိ မောရဝတီရေတပ်စခန်းအဖြစ် သိမ်းဆည်းထားသော ကုလား ကုတ်ကျွန်းအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲအတွင်းမှာ ကုလားကုတ်ကျွန်းဆိုတဲ့ ကျွန်းတစ်ကျွန်းရှိပါတယ်။ အဲ့ဒီကျွန်း မှာ လူဦးရေထူထပ်ပြီးတော့ အိမ်ခြေထောင်ကျော်ရှိပြီးတော့ နေထိုင်တဲ့လူတွေဟာ နှစ်ပေါင်းရာချီနဲ့ အခြေပြုနေထိုင်နေတာဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ ကုလားကုတ်ကျွန်းကို မောရဝတီရေတပ်စခန်း ဆိုပြီးတော့ ၁၉၉၆ ခုနှစ်နောက်ပိုင်းမှာ လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများကို ပိုင်ရှင်များထံ ခေါ်ယူ ညှိနှိုင်းမှုနှင့် လျော်ကြေးငွေများမပေးဘဲ အတင်းအဓမ္မလက်မှတ်ရေးထိုးခိုင်းပြီးတော့ နောက် ၂၀၀၀ ခုနှစ်နောက်ပိုင်း တပ်ပိုင်မြေမဟုတ်ကြောင်းကိုလည်း ပိုင်ရှင်များကို လက်မှတ်ပြန်လည် ရေးထိုးခိုင်း တယ်လို့ ကျွန်မကိုတင်ပြလာတာဖြစ်ပါတယ်ရှင်။ သို့ပါသော်လည်း ဒီ ၂၀၁၂-၂၀၁၃ စည်းကြပ်အခွန် မှာ လက်ရေးမူဖြင့် တပ်ပိုင်မြေဟုဆိုပြီးတော့ စည်းကြပ်အခွန်ပြေစာပေါ်မှာ ပြန်လည်ရေးဆွဲထားတာ ကိုလည်း ကျွန်မအနေနဲ့ တွေ့မြင်သိရှိခဲ့ရပါတယ်။ ကျွန်မတို့နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံအတွင်းမှာ နေရာအနှံ့အပြားနှင့် လွှတ်တော်အသီးသီးမှာ သိမ်းဆည်းခံထားရတဲ့မြေများ ပြန်လည်ရရှိရေးနဲ့ ပတ်သက်ပြီး နည်းမျိုးစုံဖြင့် တောင်းဆိုမှုများအပေါ် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်တဲ့ မြေဧရိယာအကျယ်အဝန်းကိုသာရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်

ရေးဆောင်ရွက်သွားရန်ဆိုတဲ့ လမ်းညွှန်ချက်အပေါ်ကိုလည်း ကျွန်မတို့အနေနဲ့ အထူးကြိုဆိုပြီးတော့ ဝမ်းမြောက်ဝမ်းသာလက်ခံပြီးတော့ ကြိုဆိုလျက်ရှိနေပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ မေးချင်တဲ့မေးခွန်းကတော့ အခုပွင့်လင်းမြင်သာတဲ့ဒီမိုကရေစီမှာ မလိုလားအပ်သော မြေနေရာများ၊ စီမံကိန်းပျက်ပြားသောနေရာများကို ပြည်သူလူထုလက်ထဲသို့ ပြန်လည်၍ပေးအပ် နေသောကာလ ဖြစ်နေသဖြင့် ကျွန်မတို့ရဲ့ ကုလားကုတ်ကျွန်းကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန်အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲအတွင်းရှိ ကုလားကုတ်ကျွန်းအား မောရဝတီရေတပ်စခန်း အဖြစ် သိမ်းဆည်းထားခြင်းအား မူလပိုင်ရှင်များဖြစ်သော ပြည်သူ့ထံပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ သိမ်းဆည်းထားတဲ့မြေကိစ္စများနှင့်ပတ်သက်ရင် အထူးအလေးထားဆောင်ရွက်ခဲ့ သလိုပဲ တပ်မတော်အကြီးအကဲရဲ့ ခရီးစဉ်အတော်များများမှာလည်း တပ်မတော်သိမ်းဆည်းမြေများနှင့် ပတ်သက်လို့ အတော်လေးပဲ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် နေတဲ့ ကာကွယ်ရေးဆိုင်ရာဆပ်ကော်မတီကလည်း လယ်ယာမြေများနှင့်ပတ်သက်လို့ မရှင်းလင်းမှု များ၊ ပြည်သူများရဲ့ဆန္ဒဖော်ထုတ်မှုများ ရေးသားလာရင်လည်း နိုင်ငံတော်နှင့် တပ်မတော်အဆင့်ဆင့် တာဝန်ရှိသူများထံ အမြန်ဆုံးတင်ပြ၍ ပြည်သူများရဲ့ ရင်တွင်းဆန္ဒအမှန်ကို တင်ပြဆောင်ရွက်ပေး လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့လည်း သိမ်းဆည်းမြေများနဲ့ပတ်သက်လာရင် စိစစ်ဆောင်ရွက် ပေးလျက်ရှိပြီး အပိုင်းသုံးပိုင်းအနေနဲ့ ကျွန်တော်တို့ အကြောင်းရင်းခိုင်မာ၍ လယ်ယာမြေများကို မစွန့်လွှတ်ခြင်း၊ တစ်စိတ်တစ်ဒေသစွန့်လွှတ်ခြင်းနှင့် အားလုံးကို အပြီးအပိုင်စွန့်လွှတ်ပေးခြင်းဆိုပြီး တော့ သုံးပိုင်းနဲ့ ကျွန်တော်တို့ ခွဲခြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို ခွဲခြားဆောင်ရွက်ပေးလျက်

ရှိတဲ့နေရာမှာ စွန့်လွှတ်ပြီးမြေဧကအနေနဲ့ ပြန်လည်တင်ပြရမယ်ဆိုရင် ၂၀၉၁၄၇.၁၀၅ ဧက စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အခုတင်ပြခဲ့တဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲ ကုလားကုတ်ကျွန်းကျေးရွာအုပ်စု ကြေးတိုင်ပြင်ကွင်း၊ အကွက်အမှတ်(၁/အိုအက်စ်အက်စ်)ရှိ ကျွန်းမြေ ကျွန်တော်တို့ စုစုပေါင်း ၃၅၂၅ ဧကရဲ့ ဖြစ်စဉ်သမိုင်းကြောင်းကလေးကို ပြန်လည်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံကာကွယ်ရေးနှင့် ပင်လယ်ပြင်စိုးမိုးရေးဆောင်ရွက်ရန်အတွက် မောရဝတီရေတပ်စခန်းဌာနချုပ်ပိုင်မြေအဖြစ် အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ၂၀၀၁ ခုနှစ်၊ မေလ ၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၄/ဦး ၁ ဖြင့် မြေဧရိယာ ၁၃၆၃.၂၂ ဧကနှင့် ၂၀၀၁ ခုနှစ်၊ မေလ ၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၅/ဦး ၁ ဖြင့် မြေဧရိယာ ၂၁၆၂.၇၈ ဧက စုစုပေါင်းဆိုရင် ကျွန်တော်တို့ ၃၅၂၅ ဧကကို မောရဝတီရေတပ်စခန်းဌာနချုပ်ပိုင် တပ်ပိုင်မြေအဖြစ် အခမဲ့လွှဲပြောင်းပေးအပ်ပြီးလည်းဖြစ်ပါတယ်။ မောရဝတီရေတပ်စခန်းတို့၏ တပ်ပိုင်မြေအဖြစ် ကုလားကုတ်ကျွန်းမြေ ၃၅၂၅ ဧက သိမ်းဆည်းရာမှာ ကျွန်းပေါ်ရှိ မြေပိုင်ရှင် ၉၂၀ ဦးမှလည်း သဘောတူညီကြောင်း ရေးမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ မြေစာရင်းဦးစီးဌာနမှူးတို့၏ရှေ့တွင် ၎င်းတို့သဘောဆန္ဒအတိုင်း လက်မှတ်ရေးထိုးခဲ့ပါတယ်။ လက်ရှိတွင် ကုလားကုတ်ကျေးရွာအုပ်စုအတွင်းရှိ အောက်ဆိပ်ကျေးရွာ၊ အလယ်ဆိပ်ကျေးရွာနှင့် အထက်ဆိပ်ကျေးရွာရှိ အိမ်ခြေ ၆၁၄ အိမ်၊ အိမ်ထောင်စု ၆၆၀ စု၊ လူဦးရေ ၄၁၇၅ ဦးနေထိုင်လျက်ရှိပြီး ရေလုပ်ငန်းနှင့် လယ်ယာခြံမြေစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ကုလားကုတ်ကျွန်းအား တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားပေမယ့်လည်း ကျွန်တော်တို့ တပ်နေရာချထားခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းများမရှိဘဲ မူလပိုင်ရှင်များကိုသာ ဆက်လက်နေထိုင်လုပ်ကိုင်စေလျက်ရှိပါတယ်။ သို့ဖြစ်၍ မောရဝတီရေတပ်စခန်းဌာနချုပ်ပိုင် ကုလားကုတ်ကျွန်းမြေ ၃၅၂၅ ဧကကို တပ်ပိုင်မြေအဖြစ် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးမဟာဗျူဟာအရ လိုအပ်ချက်ရှိသောအခါမှာ ဒေသန္တရဈေးနှုန်းဖြင့် လျော်ကြေးငွေပေးချေ၍ ဖယ်ရှားစေမည်ဖြစ်မှာပါ။ လက်ရှိအချိန်မှာတော့ တပ်နေရာချထားခြင်းများမရှိဘဲ မူလနေထိုင်သူများကိုသာ ဆက်လက်လုပ်ကိုင်နေထိုင်စေလျက်ရှိပြီးတော့ အနာဂတ်ကာလတွင်လိုအပ်ပါက အသုံးပြုနိုင်ရန်အတွက်လည်း ရည်စူးဆောင်ရွက်လျက်ရှိနေတာဖြစ်တဲ့အတွက် လုံးဝအပြီးအပိုင်တော့ ပြန်လည်ပေးအပ်ရန်အစီအစဉ်မရှိပါကြောင်း

**မူကြမ်း**

ပြောကြားရင်းနဲ့ ကျွန်တော်၏ ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်။ ဖြေကြားခွင့်ပေးတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါတယ်။

**နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင်အာဏာသက်ရောက်စေရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ဌာနဆိုင်ရာအသီးသီးသို့ ဆောလျင်စွာ ညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဇွန်လ ၃ ရက်နေ့က တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီနေ့ ၂၄-၆-၂၀၁၄ ဆိုလို့ရှိရင် အမြန်ဆုံးပြန်လည်ဖြေကြားပေးနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရုံးအဖွဲ့များ၊ ပြန်လည်ဖြေကြားပေးပါသော ဝန်ကြီးဌာနကိုလည်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်သော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေစာအုပ်ပါ အခန်း(၈) ခွင့်ခံစားခြင်းခေါင်းစဉ်အောက်မှာရှိတဲ့ မီးဖွားခွင့်နဲ့ ပတ်သက်တဲ့မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေစာအုပ်မှာ မီးဖွားခွင့်ကို ခွင့်စတင်ခံစားသည့်နေ့ရက်မှ တစ်ဆက်တည်း ခြောက်လ ခံစားခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်ဒီမေးခွန်းကိုတင်တဲ့ ၃-၆-၂၀၁၄ ရက်နေ့၊ ယနေ့ ၂၄-၆-၂၀၁၄ ဆိုရင် သုံးလပြည့်ခါနီးပြီဖြစ်ပါတယ်။ သန်ဘက်ခါဆိုရင် သုံးလရှိပါပြီ။ သို့သော်လည်းပဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတို့တွင် ၎င်းနည်းဥပဒေကို စတင်လိုက်နာကျင့်သုံးရန် ညွှန်ကြားချက်တစ်စုံတစ်ရာမရရှိသေးကြောင်း သိရှိရပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေထုတ်ပြန်တဲ့ ၂၆-၃-၂၀၁၄ ရက်နေ့ကနေပြီး ယနေ့အထိ ကြားကာလမှာ မီးဖွားခွင့်ယူမယ့်ဝန်ထမ်းများ နိုင်ငံအဝန်း အများအပြားရှိနေကြပါတယ်။ ရုံးချုပ်မှ ညွှန်ကြားချက်တစ်စုံတစ်ရာမရရှိသဖြင့် ခွင့်ခံစားခွင့်မှာလည်း သုံးလသာရရှိကြပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေဟာ မည်သည့်နေ့ရက်၌ စတင်အာဏာသက်ရောက်ပါသနည်း။ အမိန့်စာထုတ်ပြန်သည့်နေ့မှာ စတင်အာဏာသက်ရောက်လျှင် ၂၆-၃-၂၀၁၄ ရက်နေ့နောက်ပိုင်းမှ မီးဖွားခွင့်သုံးလသာရရှိထားတဲ့ ဝန်ထမ်းတွေအတွက် ခြောက်လတိုးမြှင့်ခံစားခွင့်ရှိပါသလား။ ပင်စင်ကဲ့သို့ အခြားခံစားခွင့်များလည်း နစ်နာဆုံးရှုံးနိုင်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင်အာဏာသက်ရောက်စေရန် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးသို့ ဆောလျင်စွာညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိ

**မူကြမ်း**

သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ခုနက ကယား ပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းက တင်သွင်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ မီးဖွားခွင့်နဲ့ပတ်သက်တဲ့ အချက်သုံးချက်ပါ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအနေဖြင့် ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမတစ်ချက်ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေသည် မည်သည့်နေ့ရက်၌ စတင်အာဏာသက်ရောက်ပါသနည်းဟု မေးမြန်းထားတဲ့အချက်နဲ့စပ်လျဉ်း၍ အားလုံးသိပြီးဖြစ်တဲ့အတိုင်း နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ရဲ့ဥပဒေအမှတ်(၅)အဖြစ်ဖြင့် ပြီးခဲ့တဲ့နှစ် မတ်လ ၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာပါရှိတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကနေပြီး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ(မူကြမ်း)ကိုပြုစုကာ အဆင့်ဆင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြခဲ့ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ အခု ၂၀၁၄၊ မတ်လ ၂၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၁၄)ကို တင်ပြပြီး Cabinet ရဲ့သဘောတူခွင့်ပြုချက်အရ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကနေပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ လက်မှတ်ရေးထိုးပြီး အခု အကြောင်းအရာပါနည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေရဲ့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)အရ အခု နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများသည် ဥက္ကဋ္ဌကလက်မှတ်ရေးထိုးတဲ့ ၂၆-၃-၂၀၁၄ ရက်နေ့ကစပြီးတော့ အာဏာတည်ပါကြောင်းကို အတည်ပြုရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယတစ်ချက်ဖြစ်တဲ့ အမိန့်စာ စတင်ထုတ်ပြန်သည့်နေ့တွင် အာဏာသက်ရောက်လျှင် ၂၆-၃-၂၀၁၄ ရက်နေ့နောက်ပိုင်းမှာ မီးဖွားခွင့် သုံးလသာရရှိထားသော ဝန်ထမ်းများအတွက်

ခြောက်လ တိုးမြှင့်ခံစားခွင့်ရှိပါသလားဆိုတဲ့ မေးခွန်းနှင့်ပတ်သက်၍ ခုနကတင်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း ဒီနည်းဥပဒေများသည် မတ်လ ၂၆ ရက်နေ့ကစပြီး အာဏာတည်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနောက်ပိုင်းမှာ စပြီးတော့ မီးဖွားခွင့်ခံစားသူများသည် နည်းဥပဒေများအပိုဒ် ၁၀၁ မှာ ပြဋ္ဌာန်းထားရှိတဲ့ ခံစားခွင့်များနှင့်အညီ အပြည့်အဝ ခံစားခွင့်ရှိပါကြောင်းကိုလည်း ရှင်းလင်းပြီးတော့ တင်ပြလိုပါတယ်။

တတိယအချက်ဖြစ်တဲ့ ပင်စင်ကဲ့သို့သော အခြားခံစားခွင့်များလည်း နစ်နာဆုံးရှုံးနိုင်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေစတင်အာဏာသက်ရောက်စေရန် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးသို့ ဆောလျင်စွာညွှန်ကြားပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ နည်းဥပဒေများကို ထုတ်ပြန်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ ဧပြီလ ၂ ရက်နေ့ရက်စွဲနဲ့ ဗဟိုအဖွဲ့အစည်းများ၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအားလုံးဆီကို ကျွန်တော်တို့ အခမဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကပဲ တာဝန်ယူပြီးတော့ ဒီနည်းဥပဒေများစာအုပ်ကို ဖြန့်ဖြူးရိုက်နှိပ်ရောင်းချပေးလျက်ရှိပါတယ်။ ဒီလိုကျွန်တော်တို့အနေနဲ့ နည်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပေးလျက်ရှိသလို တစ်ဖက်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ရုံးလုပ်ငန်းစည်းမျဉ်း(SD)အရ ကျွန်တော်တို့ ရာထူးဝန်အဖွဲ့ကနေပြီး ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများရဲ့ တိုက်ရိုက်စီမံကွပ်ကဲမှုအောက်မှာရှိတဲ့ မြို့နယ်ဌာနဆိုင်ရာအဆင့်ဆင့်သို့ တိုက်ရိုက်သီးခြားအမိန့်တွေ၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ဖြန့်ချိဖို့ဟာ ဆီလျော်မှုမရှိတဲ့အတွက် ဒီ့အတွက်တော့ အစီအစဉ်မရှိပါကြောင်းကို ဖြေကြားတင်ပြလိုပါတယ်။

အလျဉ်းသင့်တုန်းမှာ မီးဖွားခွင့်နှင့်ပတ်သက်၍ အနည်းငယ်မျှဖြည့်စွက်တင်ပြခွင့်ပြုစေလိုပါတယ်။ ယခင်ကဆိုလို့ရှိရင် မီးဖွားခွင့်ကို ကျွန်တော်တို့ ရက်ပေါင်း ၉၀ တစ်နည်းအားဖြင့် သုံးလခွင့်ပြုခဲ့ပါတယ်။ အခုဒီနည်းဥပဒေအရ ခြောက်လအထိ တိုးမြှင့်သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ ထို့အပြင် အကယ်၍များ မီးဖွားသူအမျိုးသမီးဝန်ထမ်းကနေပြီးတော့ မီးဖွားတဲ့ကလေးဟာ အမြွှာပူးဖြစ်စေ၊ သုံးမြွှာပူးဖြစ်စေ စသည်ဖြင့် မွေးဖွားခဲ့သည်ရှိသော် ကျွန်တော်တို့ မူလခြောက်လအပြင် နောက်ထပ်ထပ်တိုးပြီးတော့ ရက်သတ္တပတ် ခြောက်ပတ်ကိုလည်း တိုးမြှင့်ခံစားခွင့်ပြုတာဖြစ်ပါတယ်။ အဲ့ဒီအတွက်

နှိုင်းယှဉ်ပြီးတင်ပြရမယ်ဆိုရင် အာဆီယံ ၁၀ နိုင်ငံထဲမှာဆိုရင် မီးဖွားခွင့်နဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာ အများဆုံးအခွင့်အရေးပေးထားတယ်ဆိုတာကို အသိပေးလိုပါတယ်။

ထို့အပြင် အကယ်၍များ မီးဖွားသူအမျိုးသမီးရဲ့ ခင်ပွန်းသည်ကလည်း ဝန်ထမ်းဖြစ်နေခဲ့သော် ဒီမီးဖွားတဲ့မွေးကင်းစကလေးကို အထောက်အကူပြု ကူညီစောင့်ရှောက်ပေးနိုင်ဖို့အတွက် ခင်ပွန်းကိုလည်း ကျွန်တော်တို့ တာဝန်ချိန်အဖြစ်သတ်မှတ်ပြီး လစာအပြည့်နဲ့ ရက်သတ္တပတ် နှစ်ပတ်ထပ်မံပြီးတော့ ခွင့်ပြုတယ်ဆိုတဲ့အကြောင်းကိုလည်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးရှင်းလင်းတင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နိုင်ငံ့ဝန်ထမ်းများလို့ပြောတဲ့အတွက် လွှတ်တော်ထဲမှာရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း အကျုံးဝင်နိုင်မယ်ထင်ပါတယ်။ ဦးကျော်ခိုင်ဝင်း ဆက်မေးပါလိမ့်မယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးမြန်းလိုပါတယ်။ ကျွန်တော် ဒီနေ့မနက်အထိကို အခြေခံပညာရေး ညွှန်ကြားရေးမှူးချုပ်ရုံးကို ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့အဆင့်ကို တယ်လီဖုန်းနဲ့ ဆက်သွယ်မေးမြန်းပါတယ်။ အခြေခံပညာရေးဌာနမှာရှိတဲ့ ရုံးချုပ်မှာရှိတဲ့ ညွှန်ကြားရေးမှူးက ဒီနေ့အထိ သူတို့ဆီကို အဲဒီစာအုပ်မရောက်ရှိသေးပါကြောင်း ဒါကို ကျွန်တော် သိရှိရပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ကယားပြည်နယ်မှာ ဆရာမတစ်ယောက်ဆိုလို့ရှိရင် ပြီးခဲ့တဲ့ လေးလပိုင်းကစပြီးတော့ မီးဖွားခွင့်ယူတာ အခု သူတို့က မီးဖွားခွင့်ယူတဲ့နေရာမှာလည်းပဲ ရက်ကို တွက်ချက်ရတဲ့အတွက်ကြောင့်မို့လို့ သုံးလအပြည့်ဆိုပြီး ပြက္ခဒိန်လအတိုင်း ရရှိတာမဟုတ်ပါဘူး။ အဲဒီတော့ သူက ကျောင်းပြန်တက်နေရပါပြီ။ အဲဒါဆိုရင် ခြောက်လ တိုးမြှင့်ခံစားခွင့်ရှိထားတာကို တင်ထားတယ်။ ဒီနေ့အထိ ခံစားခွင့်မရသေးဘဲနဲ့ ကျောင်းပြန်တက်နေရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် အခုလို ထပ်ဆင့်မေးခွန်းမေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဥပဒေစတင်အာဏာသက်ရောက်ပြီးတော့ အားလုံး တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အသီးသီးမှာ တစ်ပြိုင်နက်တည်း အားလုံး ကျင့်သုံးနိုင်အောင်ဆိုလို့ရှိရင် ပြည်ထောင်စုရာထူးဝန်က ဒေါက်တာကျော်ဌေးကိုလည်း ဒီစာအုပ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်မေးမြန်းခဲ့ပါတယ်။ ဒီစာအုပ်ကိုပြပြီးတော့ ယူပါလို့ပြောပါတယ်။ ကျွန်တော် ဒီစာအုပ်ကိုပြပြီးတော့ ယူကြပါဆိုပြီးတော့ ကျွန်တော်နဲ့ပတ်သက်

တဲ့သူတွေကိုပေးပါတယ်။ မရပါဘူးခင်ဗျား။ ရတဲ့မြို့နယ်ရှိပါတယ်။ မရတဲ့မြို့နယ်ရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်ပြေးညီ ခံစားခွင့်မရှိတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် တစ်ဆက်တည်း သိချင်တဲ့အချက်ကတော့ ယနေ့ ဖြေကြားချက်များကို နိုင်ငံပိုင်သတင်းစာများမှ တရားဝင်သတင်း တစ်ပုဒ်အနေနဲ့ ထည့်သွင်းပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အနေနဲ့ကတော့ ခုနက ကျွန်တော်ဖြေကြားတင်ပြခဲ့သလိုပဲ ဒီအဖွဲ့အစည်းအားလုံး လစ်လပ်မှုမရှိ အောင်ဆိုပြီး ကျွန်တော်တို့ ဧပြီလ ၂ ရက်နေ့ကတည်းက ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် သမ္မတကြီးကလည်း ဒါတွေကို ဖြန့်ချိရောင်းချပေးဖို့ တာဝန်ပေးတဲ့အတွက် ကျွန်တော်တို့ အခု ရောင်းတာဆိုလို့ရှိရင် အုပ် ၂၅၀၀၀ လောက်ရှိပါတယ်။ ကျွန်တော့်စိတ်ထင်တော့ မယ်စဲ့ကဲ့သို့ နည်းနည်းဝေးလံခေါင်သီဒေသမှာ ရောက်နေတဲ့နေရာမျိုးကို အကြောင်းအမျိုးမျိုးကြောင့် မရောက် သေးတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဝန်ကြီးဌာနတွေအားလုံးကိုတော့ ကျွန်တော်တို့ဆီကနေပြီးတော့ ရောင်းလည်းပေးခဲ့ပြီးပါပြီ။ နောက်တစ်ခါ တချို့လည်း ထပ်ပြီးတော့မှာတဲ့အတွက် ထပ်ပြီးတော့လည်း ပုံနှိပ်ရိုက်နေရတဲ့ တာဝန်ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ အနှေးနဲ့ အမြန်ဆိုသလို ရောက်လာနိုင်ဖွယ်ရှိကြောင်း ဒီလိုပဲ ကျွန်တော် တွေ့မြင်သုံးသပ်ပါတယ်။ ခုနက ဦးကျော်ခိုင်ဝင်းရဲ့ မေတ္တာရပ်ခံချက်အရ ဒီခွင့်နှင့်ပတ်သက်ပြီးတော့ အခုကတော့ ကျွန်တော်တို့က မီးဖွားခွင့်ကိစ္စကိုပဲ ဆွေးနွေးနေတာပါ။ တကယ်တမ်းကတော့ မီးဖွားခွင့်တင်မကပါဘူး။ တချို့ ကျွန်တော်တို့ ဝန်ထမ်းတွေ သိသင့်သိထိုက်တဲ့အချက်တွေ၊ အပိုဒ်တွေလည်း ဒီထဲမှာပါရှိပါတယ်။ ဒီ့အတွက် ဒါတွေကို ဦးကျော်ခိုင်ဝင်းရဲ့မေတ္တာရပ်ခံချက်အရ ဥက္ကဋ္ဌကြီးတို့ကလည်း ခွင့်ပြုမယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ ဒီဟာလေးတွေကို သိကောင်းစရာအချက်ကလေးတွေကို ရွေးနုတ်ပြီးတော့မှ ခုနက သတင်းစာပဲဖြစ်စေ၊ တခြား ဂျာနယ်ထဲကပဲဖြစ်စေ သီးခြားထုတ်ပေးဖို့အတွက်ကို ဆောင်ရွက်ပါမယ် ဖြစ်တဲ့အကြောင်း ဖြေကြားတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌရဲ့ တင်ပြမေတ္တာရပ်ခံချက်အရ ကျွန်တော်တို့ လွှတ်တော်ကလည်း အခု တင်ပြမှုကလည်း ကောင်းမွန်တဲ့အတွက် သတင်းစာထဲထည့်ဖို့အတွက် ကျွန်တော်တို့ သဘောတူပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လိုမယ်ဆိုလို့ရှိရင်လည်း အခု ဖြေကြားချက်ကို သတင်းစာထဲ ဦးစွာထည့်ဖို့ ကျန်တဲ့သိသင့်တဲ့အချက်တွေကို သီးခြားထပ်ပြီးတော့

ပို့မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့လွှတ်တော်ဘက်က သတင်းစာထဲ ထည့်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံအား ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်တင်၊ ရေကြည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်တင်(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည် မြို့နယ် ပြည်သူ့ဆေးရုံကြီးအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ခွင့်ပြု ချထားပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစား အပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ဟာ ၄၉၄.၉၄ စတုရန်းမိုင်ကျယ်ဝန်းပြီး မြောက်ဘက်တွင် လေးမျက်နှာမြို့နယ်၊ အရှေ့ဘက်တွင် ကျုံပျော်မြို့နယ်၊ တောင်ဘက်တွင် ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ်၊ အနောက်ဘက်တွင် ရခိုင်ပြည်နယ် ဂွမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိပါတယ်။ ရေကြည်မြို့နယ်ဖွဲ့စည်းပုံအရ ငသိုင်းချောင်းမြို့နယ်ခွဲနှင့် အသုတ်မြို့တို့ပါဝင်ပြီး ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စုနဲ့ ကျေးရွာခွဲပေါင်း ၅၃၇ ရွာ တို့ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံတစ်ရုံ၊ မြို့နယ်ခွဲဆေးရုံတစ်ရုံ၊ မြို့ဆေးရုံတစ်ရုံနဲ့ တိုက်နယ်ဆေးရုံတစ်ရုံတို့ရှိပါတယ်။ ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်ပြီး မြို့နယ်အတွင်းလူနာများသာမက ရေကြည်မြို့နယ်နှင့် ထိစပ်လျက်ရှိတဲ့ လေးမျက်နှာမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်တို့မှာ လူနာများ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ခြင်းကြောင့်လည်းကောင်း၊ ထိစပ်မြို့နယ်များရဲ့ အလယ် ဗဟိုတွင်တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ ဆေးကုသမှုခံယူတဲ့လူနာများမှာ များပြားလွန်းတဲ့ အတွက် လူသွားစင်္ကြံများကပင် နေရာမလပ်ဖြစ်ခဲ့ရပါတယ်။ ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံကြီး တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများမှာ ပျမ်းမျှ ၇၂ ဦးရှိကြောင်း သိရှိရပါတယ်။ လူနာ ၂၅ ဦး အတွက်ရည်ရွယ်သတ်မှတ်ဆောင်ရွက်သော ဆေးရုံအနေဖြင့် ပျမ်းမျှလူနာ ၇၂ ဦးကို ဆေးကုသပေး

နေရခြင်းဖြစ်၍ နေရာထိုင်ခင်းမလုံလောက်မှုများ၊ ဝန်ထမ်းအင်အား မပြည့်စုံမှုများစတဲ့ အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိပါတယ်။ ရောဂါအခြေအနေအရ သီးသန့်ထားရှိရန်လိုအပ်သော လူနာများအတွက် များစွာစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ရေကြည်မြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး၊ ထိရောက်စွာကုသနိုင်ရေးနဲ့ အေးချမ်းလုံခြုံစွာ ဆေးကုသမှုကို ခံယူနိုင်စေရေးတို့အတွက် ပြည်သူများလိုလားတောင့်တလျက်ရှိတဲ့ အမှန်တကယ်လိုအပ်ချက်ဖြစ်သော ရေကြည်မြို့ ပြည်သူ့ဆေးရုံကြီးအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ခွင့်ပြုချထားပေးပါရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ တင်ပြပါ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၏ မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန၏ကိုယ်စား မိမိမှ တင်ပြဖြေကြားသွားပါမယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံဟာ ယခုလက်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွင်းမှာရှိတဲ့ စာရင်းဇယားအရတော့ ပျမ်းမျှနေ့စဉ်တက်ရောက်တဲ့လူနာဦးရေဟာ ၁၈ ဦးသာရှိကြောင်း တွေ့ရှိရတဲ့အတွက် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့မှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန်မလိုသေးကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ သို့ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းချက်များကို နားထောင်ရတဲ့အခါ ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီးဌာနအလိုက် Delivery Unit ဖွဲ့စည်းထားတာရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ Delivery Unitရဲ့ ဥက္ကဋ္ဌဟာ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ Delivery Unit အနေဖြင့် ကွင်းဆင်းပြီးတော့ ဆက်လက်ပြီးလိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖွားသေစာရင်းမှန်ကန်စွာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရေရှည်မျှော်မှန်းချက်၊ ပြည်သူများအတွက် အသိပညာပေး ဟောပြောရေးကာလတစ်ခု သတ်မှတ်ပေးရန်နှင့် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ မတ်လမှာ ကျွန်တော်တို့နိုင်ငံရဲ့ သန်းခေါင်စာရင်းကို ကောက်ယူပြီးစီးသွားပြီးဖြစ်တဲ့အတွက် လာမယ့် ၁၀ နှစ်တာကာလဖြစ်တဲ့ ၂၀၂၄ ခုနှစ်မရောက်မီ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေတိုးတက်မှုနှုန်းတွေကို နှစ်စဉ်တိုင်းတာနိုင်ဖို့အတွက် နိုင်ငံသားအားလုံးက အသိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖြတ်သန်းကျော်လွှားခဲ့ရတဲ့ ခေတ်ကာလအဆက်ဆက်တွေမှာ လူဦးရေစာရင်းဇယားနဲ့ပတ်သက်ပြီး အဓိကအကျဆုံးဖြစ်တဲ့ မွေးဖွားစာရင်း၊ သေဆုံးစာရင်းရရှိရေး ဆောင်ရွက်ခဲ့ရာမှာ ညွှန်ကြားချက်တွေကိုအဆင့်ဆင့် ထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ပေမယ့် ပြည်သူလူထုရဲ့အသိတရားရှိရှိ ပူးပေါင်းပါဝင်မှုက ထင်သလောက် အရာမရောက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ လူတစ်ဦးမွေးဖွားခြင်း၊ သေဆုံးခြင်းဖြစ်စဉ်တွေမှာ သတင်းပေးပို့ရန် ပျက်ကွက်ခြင်းတွေကို ဆိုလိုခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ အစိုးရအဖွဲ့ကလည်း အမိန့်ကြော်ငြာစာတွေထုတ်ပြန်ပြီး ဗဟိုနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ်၊ ရပ်ကွက်အုပ်စု အဆင့်ဆင့်အဖွဲ့တို့ကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်ဝတ္တရားတွေသတ်မှတ်ကာ နိုင်ငံတော်ရဲ့ ဖွားသေမှတ်ပုံတင်ခြင်းစနစ်ပိုမိုအားကောင်းလာစေရေး၊ နိုင်ငံတကာအဆင့်အတန်းမီတဲ့ စနစ်ဖြစ်စေရေးအတွက် မွေးဖွားမှုနဲ့ သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖွဲ့စည်းပြီးတော့မှ ၁-၄-၂၀၁၄ ရက်နေ့မှ စတင်ပြီး ဆောင်ရွက်နေပြီလို့ သိရပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (က) ဖွားသေစာရင်း မှန်ကန်စွာရရှိရေးအတွက်

ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ ရေရှည်မျှော်မှန်းချက်အစီအစဉ်၊ (ခ) မိဘပြည်သူများအတွက် အသိပညာပေးဟောပြောရေးကာလတစ်ခုသတ်မှတ်ပါမည်လား၊ (ဂ) မိဘပြည်သူများက တိတိကျကျလိုက်နာနိုင်ရေး စည်းရုံးပညာပေးဟောပြောခြင်းဖြင့် မအောင်မြင်ပါက ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ။ အားလုံးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ မြန်မာနိုင်ငံ၏ ဖွားသေမှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီစနစ်ဖြစ်စေရန် ရည်ရွယ်၍ ဖွားသေစာရင်း မှန်ကန်စွာရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ရေရှည်မျှော်မှန်းချက် အစီအစဉ်၊ ပြည်သူများအတွက် အသိပညာပေးဟောပြောရေးကာလတစ်ခု သတ်မှတ်ပါမည်လားနှင့် တိတိကျကျလိုက်နာနိုင်ရေး စည်းရုံးပညာပေးဟောပြောခြင်းဖြင့် မအောင်မြင်ပါက ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းမှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရသစ် တာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့်ဘက်စုံပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာ စီမံကိန်းများချမှတ်ရန်အတွက် အခြေခံကျသောလူဦးရေစာရင်းဇယားများ မှန်ကန်တိကျစွာရရှိရေးအတွက် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အမျိုးသားတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်လုံးကျွတ်လူထုလှုပ်ရှားမှု

အဖြစ် လူအင်အား၊ ငွေအင်အားမြောက်မြားစွာ အကုန်အကျခံကာ ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရရှိပြီးပါက နှစ်စဉ်တိုးပွားလာသော လူဦးရေစာရင်းရရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လစဉ်မွေးဖွား/သေဆုံးသူအရေအတွက် မှန်ကန်စွာရရှိရေးသည်လည်း အရေးကြီးပါတယ်ခင်ဗျား။ မြန်မာနိုင်ငံ၏ ဖွားသေမှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီသောစနစ်ဖြစ်လာစေရန် ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၄-၁-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၄)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁-၁-၂၀၁၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄)ဖြင့်လည်းကောင်း၊ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယား များပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဗဟိုအဆင့်၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအဆင့်/အုပ်စုအဆင့်ဟူ၍ အဆင့်ငါးဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ဗဟိုအဆင့်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အား တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်သူ့အင်အားဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ဗဟို စာရင်းအင်းအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူးများအား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ကာ အဆင့်လိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဗဟိုအဆင့်)ဟာ ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၅-၂-၂၀၁၄ ရက်နေ့မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနမှာ (၁/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးဆုံးဖြတ်ချက် အတိုင်း မွေးဖွား/သေဆုံးစာရင်းများကောက်ယူရေးဆိုင်ရာ ဗဟိုအဆင့်သင်တန်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်သင်တန်း၊ မြို့နယ်အဆင့်သင်တန်းများကို ၂၀၁၄ ခုနှစ် မတ်လတွင် ဖွင့်လှစ်ပို့ချခဲ့ပြီး ၁-၄-၂၀၁၄ မှ ၃၀-၄-၂၀၁၄ ရက်နေ့အထိ မွေးဖွားသူနှင့်သေဆုံးသူစာရင်းကို မြို့နယ်/မြို့နယ်ခွဲ

**မူကြမ်း**

အလိုက် ကောက်ယူခြင်းအဆင့်ဆင့် စတင်ပြုစုဆောင်ရွက်ခဲ့ပါတယ်။ (၄/၂၀၁၄) လအတွက် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအလိုက် တင်ပြလာသော မွေးဖွားသူနှင့်သေဆုံးသူစာရင်းများအား တစ်နှစ် ပျမ်းမျှလူဦးရေတိုးနှုန်းပေါ်အခြေခံတွက်ချက်မှုဖြင့် နှိုင်းယှဉ်ကာ သတ်မှတ်အရေအတွက်ထက် လျော့နည်းသော တိုင်းဒေသကြီး/ပြည်နယ်များအား စာရင်းများမှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် မွေးဖွားသူ၊ သေဆုံးသူစာရင်းများပြည့်စုံစွာ မှတ်ပုံတင်ထားရှိရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုခဲ့ပါတယ်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအဆင့် (၂/၂၀၁၄) ကြိမ်မြောက် အစည်းအဝေးကို ၃-၆-၂၀၁၄ ရက်နေ့တွင်ကျင်းပပြီး မွေးဖွားသူ၊ သေဆုံးသူစာရင်းများပြည့်စုံစွာရရှိရေး ဌာနတစ်ခုချင်းအလိုက် လုပ်ဆောင်ချက်နှင့်အကြံဉာဏ်များ တင်ပြဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Rights of the child) ပါ ကလေးသူငယ်၏အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံကလေးသူငယ် ဥပဒေပုဒ်မ ၉ တွင်အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ (က) ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန် မွေးဖွားရာတွင်အခွင့်အရေးရှိသည်။ (ခ) မိဘအုပ်ထိန်းသူတို့သည် ကလေးမွေးဖွားခြင်းကို ဥပဒေနှင့်အညီမှတ်ပုံတင်ရမည်။

၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ် ဖော်ပြထားပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်း များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖွားသေမှတ်ပုံတင်ခြင်း နှင့်အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့်လူဦးရေစာရင်းများ ပြုစုခြင်း ဖြစ်ပါတယ်။ အဆိုပါဥပဒေပုဒ်မ ၁၉ အရ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများအား အောက်ပါအတိုင်းသတ်မှတ်ဖော်ပြထားပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများသည် မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကိုသတင်းပေးပို့ရမည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ ၂၀ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုစာရင်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ မွေးဖွားခြင်း သို့မဟုတ် သေဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ အိမ်ရှင်ကဖြစ်စေ၊ ယင်းအိမ်တွင်နေထိုင်သော အရွယ်ရောက်သူတစ်ဦးဦးကဖြစ်စေ၊ မွေးဖွားသည့် သို့မဟုတ် သေဆုံးသည့်နေ့ရက်မှ သုံးရက်အတွင်း တိုင်ကြားရန်ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မွေးဖွားကြောင်းလာရောက်တိုင်တန်းလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်းဖြစ်ပါတယ်။ တတိယအချက်(ဂ)သေဆုံးကြောင်းတိုင်တန်းချက်ရရှိလျှင် မှတ်ပုံတင်စာအုပ်တွင်ရေးသွင်းထားပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်းဖြစ်ပါတယ်။ အဆိုပါနည်းဥပဒေအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ တာဝန်ဝတ္တရားများကို ဖော်ပြရာတွင်အပိုဒ် ၃၄(က) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများသည် အောက်ပါကိစ္စများကိုဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပို့ခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၉ အရ နိုင်ငံတော်အတွင်းမွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှစပြီး တစ်နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသကဲ့သို့ ယင်းဥပဒေပုဒ်မ ၁၀ အရ နိုင်ငံတော်ပြင်ပတွင်မွေးဖွားသော နိုင်ငံသားတစ်ဦးအတွက် ထိုသို့မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘသို့မဟုတ်အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဟုပြဋ္ဌာန်းထားပါတယ်။ ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေအရလည်း မြန်မာနိုင်ငံတော်အတွင်း စာရင်းအင်းများရရှိရေးအတွက် စာရင်းကောက်ယူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မြန်မာနိုင်ငံတွင် ဖွားသေမှတ်ပုံတင်နှင့် စာရင်းအင်းလုပ်ငန်းကို ၁၉၆၂ ခုနှစ်မှစပြီး ဗဟို စာရင်းအင်းအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ခဲ့ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများနှင့် ကျန်းမာရေး ဦးစီးဌာနများမှ မြို့ပေါ်နေပြည်သူများ၏ မွေးဖွားမှု၊ သေဆုံးမှုများကို မှတ်ပုံတင်ဆောင်ရွက်ကြပြီး ကျေးလက်နေပြည်သူများအတွက် တိုက်နယ်ဆေးရုံများ၊ ကျန်းမာရေးဦးစီးဌာနများမှ မွေးဖွားမှု၊ သေဆုံးမှုများကို မှတ်ပုံတင်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဆေးရုံများ၏ ဆေးရုံအုပ်ကြီးများ နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများမှ ဖွားသေမှတ်ပုံတင်အရာရှိများအဖြစ်ဆောင်ရွက်ပြီး မွေး လက်မှတ်၊ သေလက်မှတ်များကို ထုတ်ပေးလျက်ရှိပါတယ်။ ယင်းအပြင် တပ်မတော်ဆေးရုံများနှင့် တပ်နယ်စည်ပင်သာယာရေးအဖွဲ့များမှလည်း တပ်နယ်အတွင်း မွေးဖွားမှု၊ သေဆုံးမှုများကို မှတ်ပုံတင် ၍ သက်ဆိုင်ရာတပ်မတော်ဆေးရုံ တာဝန်ခံများနှင့် တပ်နယ်စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး များမှ မွေးလက်မှတ်၊ သေလက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံအတွင်း မွေးဖွားခဲ့သော ကလေးသူငယ်တိုင်း မွေးစာရင်းရေးသွင်းခွင့်၊ မွေးဖွားကြောင်း အထောက်အထားရရှိ ခွင့် ပြည့်ဝစွာရရှိရေးအတွက် ဤပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပါဝင်ကြသော လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန များ၏ မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း များ၏ ပူးပေါင်းဆောင်ရွက်မှုသည် များစွာအရေးကြီးသကဲ့သို့ မိဘအုပ်ထိန်းသူများအနေဖြင့် မွေးဖွား လာသည့်ကလေးငယ်တိုင်းအတွက် မွေးစာရင်းလက်မှတ် အရေးကြီးမှုကိုသိရှိပြီး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ သတ်မှတ်ရက် အတွင်း တိတိကျကျတာဝန်သိသိဖြင့် သတင်းပေးပို့ကြရန်လည်း လိုအပ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မွေးဖွားသည့်ကလေးငယ်တိုင်းအတွက် မွေးစာရင်းရေးသွင်းရေး၊ နိုင်ငံတကာအသိအမှတ်ပြု သည့် မွေးဖွားကြောင်းအထောက်အထားလက်မှတ်ရရှိရေးကို မိဘပြည်သူတိုင်း သိရှိနားလည်ပြီး အလေးထားဆောင်ရွက်ကြမှသာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေကို လေးစားလိုက်နာရာရောက်မည်ဖြစ်သဖြင့် ယခုအခါ UNICEF နှင့်

ပူးပေါင်း၍ ၎င်းတို့၏ပံ့ပိုးမှုဖြင့် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့တွင် မွေးဖွားသည့်ကလေးသူငယ်တိုင်းအတွက် မွေးဖွားကြောင်းမှတ်ပုံတင်ပြီး မွေးဖွားကြောင်း အထောက်အထားလက်မှတ်(မွေးစာရင်းလက်မှတ်)ရရှိရေး၊ အသိပညာပေးရေး ရှေ့ပြေးစီမံချက်ကို စတင်အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်ပါတယ်။ အဆိုပါ ပြည်နယ်/တိုင်းဒေသကြီးသုံးခုတွင် စတင်လျက်ရှိသည့် မွေးဖွားမှုမှတ်ပုံတင်ခြင်း(Birth Registration) ဆိုင်ရာ ရှေ့ပြေးစီမံချက်တွင် ပြည်သူများအား အသိပညာပေးလုပ်ငန်း အောင်မြင်ရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ရုပ်မြင်သံကြားမှထုတ်လွှင့်ခြင်း၊ သတင်းစာ၊ ဂျာနယ်များတွင် ရေးသားဖော်ပြခြင်းအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ပါတယ်။ မွေးဖွားမှုမှတ်ပုံတင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်နှင့် မွေးဖွားသည့်ကလေးတိုင်း မွေးမှတ်ပုံတင်ရရှိနိုင်ရေးအတွက် အသိပေးဆွေးနွေးခြင်း၊ သတင်းမီဒီယာများမှ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ကျေးလက်ဒေသများတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် အသိပေးခြင်းများကို UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် မှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မွေးဖွားမှုမှတ်ပုံတင်လုပ်ငန်းတွင် ပါဝင်ပတ်သက်သောဌာနဆိုင်ရာအရာရှိများနှင့် လူမှုရေးအဖွဲ့အစည်းများဖြစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများအားလည်း ဇူလိုင်လအတွင်း နေပြည်တော်တွင်ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ကြားကာ ကလေးငယ်များ၏ မွေးစာရင်းလက်မှတ် ပြည့်ဝစွာရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ရှေ့ပြေးစီမံချက်ပြီးစီးပါက တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရေး ပညာပေးလုပ်ငန်းအား ရှေ့လုပ်ငန်းစဉ်အဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့်လည်း ဖွားသေမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များမှာ မိမိတို့မဲဆန္ဒနယ် ပြည်သူလူထုသို့ အသိပညာပေးခြင်း၊ လှုပ်ရှားလှုံ့ဆော်ခြင်း လုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာမေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံက ၁၉၉၁ ခုနှစ် ပါဝင်အတည်ပြု လက်မှတ်ရေးထိုးထားရှိသည့် ကုလသမဂ္ဂ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ

**မူကြမ်း**

ကွန်ဗင်းရှင်းပါ ကလေးသူငယ်များ၏အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် လက်ရှိတည်ဆဲဥပဒေများနှင့် ကလေးသူငယ်များအတွက် မွေးဖွားကြောင်း အထောက်အထားလက်မှတ်ထုတ်ပေးခြင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းအောင်မြင်အောင် နည်းလမ်းမျိုးစုံဖြင့် စည်းရုံးဟောပြောကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုလောလောဆယ်ဆယ်အခြေအနေတွင် တည်ဆဲဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရန် အစီအစဉ်မရှိသေးသော်လည်း ကလေးသူငယ်များ၏ အခွင့်အရေးပြည့်ဝစွာရရှိစေရေးအတွက် ခေတ်စနစ်နှင့်အညီလိုအပ်ပါက လက်ရှိဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း သို့မဟုတ် ဥပဒေသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများလည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အုတ်တွင်းမြို့နယ်၊ ဆိတ်ဖူးကုန်းကျေးရွာတွင် ရေတံခါးပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အုတ်တွင်းမြို့နယ်ဟာဆိုလို့ရှိရင် ခပေါင်းဆည်ရေလျှောင်တမံကြောင့် နွေစပါးများ ကောင်းစွာစိုက်ပျိုးနိုင်ပြီးတော့ မိုးတွင်းအခါ တောင်ကျချောင်းများဖြစ်တဲ့ နတ်ရေတွင်းချောင်း၊ ကျောက်တိုင်ချောင်းနှင့်စည်ကြီးတင်ချောင်းတို့မှ ချောင်းရေများဟာဆိုလို့ရှိရင် တာတမံပိတ်ထားတဲ့အတွက်ကြောင့်မို့လို့၊ ဂုံမင်းသာကျေးရွာအုပ်စုမှာဆိုလို့ရှိရင် ရေထွက်ပေါက် ကျဉ်းကျဉ်းလေးသာရှိတဲ့အတွက်ကြောင့်မို့လို့၊ ရေတွေဟာနှစ်စဉ် ၂၀၁၀ ခုနှစ်ကစပြီးတော့ ရေလွှမ်းမိုးမှုများဖြစ်တဲ့အတွက်ကြောင့်မို့လို့၊ လယ်ဧက ၁၅၀ ပျက်စီးခြင်း၊ လူနေအိမ်များသို့ ရေများဝင်ရောက်ခြင်းတို့ကြောင့်မို့လို့ တောင်သူလယ်သမားများအနေဖြင့် အထွက်များထိခိုက်ပြီးတော့ စိုက်ပျိုးရေးဘဏ်ကို ချေးငွေများ အချိန်မီမဆပ်နိုင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဂုံမင်းသာကျေးရွာအုပ်စု၊ ဆိတ်ဖူးကုန်းကျေးရွာမှာ ၁၀ ပေကျယ်တဲ့ရေတံခါး Level Crossing ကို တည်ဆောက်ပေးရန်အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်

တည်ဆောက်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အင်္ဂပူမြို့နယ်၊ နန်ကသူဆည်မှ ရေပေးဝေနိုင်ရန်နှင့် ကညင်ဆည်မှ ပိုလျှံရေများထုတ်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုး၊ အင်္ဂပူမဲဆန္ဒနယ်မှ ဆက်လက်မေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် နန်ကသူဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီးပေါ်ရှိ သပေါ့ကျေးရွာအနီး Level Crossing မှာ တည်ဆောက်ပြီးကာလ ကြာမြင့်လာပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းလျက်ရှိနေပါတယ်။ Level Crossing အဆောက်အအုံမှာ မူလတည်ဆောက်စဉ်က ချင်းကုန်းရိုးကဖြတ်လျက် နွေရာသီတွင် ဖိုကုန်းကျေးရွာအုပ်စုအတွင်းရှိ နွေစပါးစိုက်လယ်မြေများအတွက် Level Crossing အားပိတ်၍ ဆည်ရေပေးဝေနိုင်ရန်နှင့် မိုးရာသီတွင် Level Crossing အားဖွင့်၍ ချင်းကုန်းရိုးမှစီးဆင်းလာသောရေများအား ထုတ်နုတ်နိုင်ရန်အတွက် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါ နန်ကသူဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီး၏ လက်ဝဲဘက်တွင်လည်းပဲ ကညင်ဆည်ရေသောက်စနစ် ဆက်စပ်နေခြင်းကြောင့် ၎င်းမှပိုလျှံသောရေများပါ ထုတ်နုတ်နိုင်ရန်အတွက် ရေထုတ်ပေါက်အဆောက်အအုံတစ်ခု လိုအပ်လာပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နန်ကသူဆည်ရေသောက်စနစ် ဆည်ရေပေးဝေနိုင်ရန်နှင့် ကညင်ဆည်ရေသောက်စနစ်မှ ပိုလျှံရေများ ထုတ်နုတ်နိုင်ရန်အတွက် Level Crossing အား ပြုပြင်ခြင်းနှင့် ရေထုတ်ပေါက်အဆောက်အအုံတစ်ခုအား နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက တပေါင်းတည်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြု အပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဦးခင်ဇော်၊ ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးမြန်းချက်အပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ရှိ ဂုံမင်းသာကျေးရွာအုပ်စုသည် အုတ်တွင်းမြို့နယ်၏ အရှေ့တောင်ဘက် ၁၁ မိုင် ခန့်အကွာ စစ်တောင်းမြစ်အနီးတွင် တည်ရှိပါတယ်။ နတ်ရေတွင်းချောင်း၊ ကျောက်တိုင်ချောင်း၊ စည်ကြီးတင်ချောင်းတို့မှာ အလယ်ရိုးမကို မြစ်ဖျားခံ၍ ကျွဲပွဲမြို့၏ တောင်ဘက်အနီးမှ စစ်တောင်းမြစ် အတွင်းသို့ စီးဝင်သောချောင်းများ ဖြစ်ပါတယ်။ အဆိုပါချောင်းများကိုဖြတ်၍ ခပေါင်းလက်ယာ မြောင်းခွဲ ဖြတ်သန်းဖောက်လုပ်ထားပါတယ်။ မိုးအခါ စီးဆင်းလာသော ချောင်းရေများကို ၎င်းရေပေး မြောင်း၏ ပေတိုင် ၁၀၂၀၀၀ ရှိ မြောင်းဖြတ်ရေဆိုးထုတ်အဆောက်အအုံ (CDC) ဖြင့်လည်းကောင်း၊ ကျောက်တိုင်ချောင်းရေကို ပေတိုင် ၈၃၀၀၀ ရှိ ရေဆိုးထုတ်ရေသွယ်လျှောက် (Super Passage) ဖြင့် လည်းကောင်း၊ စည်ကြီးတင်ချောင်းရေကို ပေတိုင် ၉၈၀၀၀ ရှိ ရေညီရေလွှဲအဆောက်အအုံ (Level Crossing) ဖြင့်လည်းကောင်း ထုတ်နုတ်လျက်ရှိပါတယ်။

ယခင်နှစ်မိုးရာသီကာလတွင် ရုတ်တရက် မိုးအားကောင်း၍ အချိန်တိုကာလအတွင်း များပြား စွာစီးဆင်းခဲ့သော မိုးရေနှင့် တောင်ကျချောင်းရေများကို လက်ရှိတည်ဆောက်ထားသော ရေနုတ် အဆောက်အအုံများမှ အချိန်မီရေထုတ်နုတ်နိုင်ခြင်းမရှိသဖြင့် အနိမ့်ပိုင်းရှိသော နတ်ရေတွင်းချောင်း အနီးရှိ ဂုံမင်းသာကျေးရွာအုပ်စု၊ ဆိတ်ဖူးကုန်းကျေးရွာအနီးတွင် ရေကြီးရေလျှံမှု အခိုက်အတန့် ဖြစ်ပေါ်ခဲ့ပါတယ်။

ဆည်မြောင်းဦးစီးဌာနမှ အဆိုပါဒေသတွင် ဆည်ရေသောက်စနစ်နှင့် ရေနုတ်မြောင်းစနစ်များ ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေနစ်မြုပ်မှုလျော့နည်းစေရန် ဆွဲလဲချောင်းရေနုတ်မြောင်းနှင့် လှေဆွဲ မြောင်းရေနုတ်မြောင်းတို့ကို တူးဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍ ဂုံမင်းသာ ကျေးရွာအုပ်စု၊ ဆိတ်ဖူးကုန်းကျေးရွာအနီး ခပေါင်းလက်ယာမြောင်းခွဲနှင့် နတ်ရေတွင်းချောင်းသစ်

ဆိုရာနေရာတွင် သုံးပေအချင်း ကွန်ကရစ်ပိုက် သုံးလုံးတွဲ မြောင်းဖြတ်ရေဆိုးထုတ်အဆောက်အအုံ (CDC)တည်ဆောက်ခြင်းနှင့် ရေထွက်မြောင်း(Outfall Channel) တူးဖော်ပေးရန် လိုအပ်လျက်ရှိသည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ် ဇွန်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့မေးမြန်းချက်အပေါ် ကျွန်တော် ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ နန်ကသူရေလှောင်တမံ ဆည်ရေသောက်စနစ်ကို ၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ နန်ကသူဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီးသည် ပေတိုင် ၃၇၅၀၀ တွင် ချင်းကုန်းရိုးကို ဖြတ်သန်းတည်ဆောက်ထားသည့်အတွက် နွေစပါးရေပေးဝေရေးနှင့် မိုးရာသီတွင် ချင်းကုန်းရိုးရေထုတ်နုတ်နိုင်ရန်အတွက် ရေညီရေလွှဲအဆောက်အအုံ (Level Crossing) တစ်လုံး တည်ဆောက်ခဲ့ပါတယ်။ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ပျက်စီးယိုယွင်းမှုအထိုက်အလျောက် ရှိနေပါတယ်။ အင်္ဂပူမြို့နယ်တွင် မူလက နန်ကသူရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်တစ်ခုတည်းသာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ကညင်ရေလှောင်တမံ ဆည်ရေသောက်စနစ်ကို တည်ဆောက်ပြီးစီးခဲ့ပြီး နွေစပါးရေပေးဝေခြင်းကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းကုန်းရိုးသည် ကညင်ဆည်ရေသောက်စနစ်နှင့် ဆက်စပ်လျက်ရှိသည့်အတွက် ကညင်ဆည်ရေသောက်စနစ်မှ ပိုလျှံရေများကိုလည်း ထုတ်နုတ်ပေးရပါတယ်။ ကညင်ဆည်ရေသောက်စနစ်မှ နွေစပါးပိုလျှံရေများ ထုတ်နုတ်နိုင်ရန်အတွက် နန်ကသူလက်ဝဲမြောင်းမကြီး ပေတိုင် ၃၇၅၀၀ အနီးတွင် ဒေသအစီအစဉ်ဖြင့် ၂၀၀၈ ခုနှစ်တွင် ကိုးလက်မအချင်းရေထုတ်ပြွန်တစ်ခုနှင့် ၂၀၁၃ ခုနှစ်တွင် ခြောက်လက်မအချင်း ရေထုတ်ပြွန်တစ်ခုအား တည်ဆောက်တပ်ဆင်ခဲ့သော်လည်း အဆိုပါရေထုတ်ပြွန်နှစ်ခုမှ ပိုလျှံရေများ လုံလောက်စွာမထုတ်နုတ်နိုင်သဖြင့် ရေညီရေလွှဲအဆောက်အအုံ (Level Crossing)ကို မကြာခဏ ဖွင့်၍ ချင်းကုန်းရိုးအထက်ပိုင်းမှ ထုတ်နုတ်ခဲ့ရပါတယ်။ နောင်လာမည့်နှစ်များတွင် ကညင်ဆည်ရေသောက်စနစ်အတွင်း နွေစပါးဧရိယာ ပိုမိုများပြားလာမည်ဖြစ်သဖြင့် ချင်းကုန်းရိုးမှ ရေပိုမိုထုတ်ပေးနိုင်ရန်အတွက် လက်ရှိ ရေညီရေလွှဲအဆောက်အအုံ (Level Crossing) ၏အထက်တွင် လုံလောက်သော ရေနုတ်အဆောက်အအုံတစ်ခု ထပ်မံတည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိရေညီရေလွှဲအဆောက်အအုံ (Level Crossing) ပြုပြင်ခြင်းလုပ်ငန်းနှင့် ထပ်မံလို

အပ်သော ရေနုတ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရထံ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရန်ကုန်-မန္တလေးလမ်းမကြီး(လမ်းဟောင်း)ကို အဝေးပြေးလမ်းသစ်ကြီးကဲ့သို့ ၄၈ ပေအကျယ်ဖောက်လုပ်ရန် BOT ယူထားသည့် ကုမ္ပဏီများအား သတ်မှတ်ကာလအတွင်း မပြီးစီးပါက မည်ကဲ့သို့ အရေးယူမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းခညောင်းပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန် - ပဲခူး - တောင်ငူ - ပျဉ်းမနား-ပျော်ဘွယ်-မိတ္ထီလာ-ဝမ်းတွင်း-မြစ်သား-ကျောက်ဆည်-မန္တလေးမြို့များကို ဖြတ်သန်းဖောက်လုပ်ထားသည့် ယခင် မူလ ရန်ကုန် - မန္တလေးလမ်းမကြီးတွင်

**မူကြမ်း**

၂၂ ဘီး ထွေလာယာဉ်များ၊ ၁၂ ဘီး၊ ၁၀ ဘီး စသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်ပို့ဆောင်ရေး ဘတ်စ်ကားများ၊ Light Truck များ၊ ကိုယ်ပိုင်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများ၊ သုံးဘီးများ စသည့် ယာဉ်ကားများ စုံလင်စွာမောင်းနှင်နေသည့် လမ်းမကြီးဖြစ်ပါတယ်ခင်ဗျား။ ယခုလက်ရှိ လမ်းမကြီးသည် ၂၄ ပေသာကျယ်ပြီးတော့ ကားနဲ့လူဦးရေထူထပ်လာတဲ့အတွက်ကြောင့် ယာဉ်၊ ကား၊ ဆိုင်ကယ်တွေဟာ စုပေါင်းမောင်းနှင်ရတဲ့အတွက်ကြောင့် ပြည်သူများ၊ ယာဉ်ကားများ၊ မော်တော်ဆိုင်ကယ်များဟာ မျက်နှာချင်းဆိုင် တိုက်ခိုက်မှုများရှိပါတယ်။ လမ်းဖြတ်သွားတဲ့သူတွေမှာလည်း မကြာခဏထိခိုက်မှုအန္တရာယ်ရှိနေပါတယ်။ ယခင်ကတည်းက ပြည်သူများ ကျပ်တည်းစွာ သွားလာနေရသဖြင့် အန္တရာယ်များစွာရှိနေပါတယ်။ ယခင်က BOT ယူထားသည့် ကုမ္ပဏီများအား ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမသစ်ကြီးကဲ့သို့ အသွားလမ်း၊ အပြန်လမ်း ဝဲ၊ ယာ တစ်ဖက်၊ ၂၄ ပေစီပေါင်း ၄၈ ပေ ဖောက်လုပ်ပေးရန် ညွှန်ကြားထားသည်ဟု သိရပါသော်လည်း ယနေ့တိုင် မည်သည့်ကုမ္ပဏီမှ ဖောက်လုပ်သည်ကို မတွေ့ရပါ။ ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် BOT ယူထားသည့်ကုမ္ပဏီများအား ကာလသတ်မှတ်ပြီးတော့ ဖောက်လုပ်သင့်ပါတယ်။ သတ်မှတ်တဲ့ကာလအတွင်းမှာ မပြီးစီးပါက မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကိုလည်း သိရှိလိုပါတယ်ခင်ဗျား။ အဓိက မေးမြန်းလိုသည်မှာ ပြည်သူများ၏ အသက်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နောက်ထပ် ၂၄ ပေလမ်းကို အမြန်ဆုံးတိုးချဲ့ပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ ထိုသို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ကဝမြို့နယ်၊ ပဲခူး-ခရမ်းလမ်းမကြီးပေါ်ရှိ သစ်သားတံတား (၃)စင်းအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းစိန်၊ ကဝမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးသွားမှာကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိတဲ့ ပဲခူး-သနပ်ပင်-အုန်းနဲ့-သက္ကလ-ခရမ်းလမ်းမကြီးသည် ပဲခူး-သနပ်ပင်-ကဝ-ခရမ်း-သုံးခွမြို့နယ်များမှ အသုံးပြုလျက်ရှိတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်ရှိ ကဝမြို့နယ်အတွင်းရှိ အလယ်ရွာ တံတားအရှည် ၆၉ ပေ၊ အလယ်ရွာနဲ့ အုန်းနဲ့ရွာကြားရှိ ရစ်ဝတံတားအရှည် ၉၆ ပေ၊ ခမဲပြင်ဘုရားအဝင်ရှိ ခမဲပြင်

တံတား ၆၉ ပေတို့ဟာ သစ်သားတံတားများ ဖြစ်ကြပါတယ်။ နှစ်ပေါင်း ၃၀ ခန့်ကြာမြင့်လျက်လည်းရှိပြီ ဖြစ်ပါတယ်။ ယခုအခါ တံတားများမှာ ယိုယွင်းပျက်စီးနေပြီဖြစ်ပါ၍ ထိုတံတားများကို သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်ပေးရန် တင်ပြအပ်ပါတယ်။ အဆိုပါတံတားများ ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်စိုး မေးမြန်းထားတဲ့ ရန်ကုန်-ပဲခူး-တောင်ငူ-မန္တလေးလမ်းဟောင်းအား ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နောက်ထပ် ၂၄ ပေလမ်းကို အမြန်ဆုံးတိုးချဲ့ပေးရန်၊ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိလိုသည့်မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းကို ကုမ္ပဏီ များသို့ BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ခွင့်ပြုတဲ့အခါမှာ ကုမ္ပဏီများက လည်းပဲ ပထမအဆင့်အနေနဲ့ ၂၄ ပေအကျယ် ကတ္တရာလမ်းကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ သတ်မှတ်စံနှုန်းအရ ဒီလမ်းပေါ်မှာသွားတဲ့ယာဉ်စီးရေဟာ ၂၀၀၀ ကျော်သွားတဲ့အတွက် ဒီလမ်းကို ၄၈ ပေအကျယ်ချဲ့ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ညွှန်ကြားတဲ့အခါမှာ သူတို့ကလည်း ငါးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ကို ပြန်လည်တင်ပြလာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ဒီလမ်းပေါ်မှာဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခု ချင်းဆောင်ရွက်မှုအခြေအနေကို တင်ပြရမယ်ဆိုရင် ပထမဦးစွာ မက်စ်မြန်မာကုမ္ပဏီက ဆောင်ရွက် တဲ့ ထောက်ကြန့်-ပဲခူးလမ်းမှာ ၃၂ မိုင် ၆ ဖာလုံရှိပါတယ်။ အဲ့ဒီလမ်းကတော့ ကျွန်တော်တို့ ကတ္တရာ

လမ်းအဖြစ် ၄၈ ပေမဟုတ်ပါဘူး။ သူက ခြောက်လမ်းသွားဖြစ်တဲ့အတွက် ၇၂ ပေအထိ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဒုတိယလမ်းကတော့ ရွှေသံလွင်ကဆောင်ရွက်တဲ့ ပဲခူး-ညောင်လေးပင် အပိုင်း ၄၈ မိုင်ကို ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနဲ့ လမ်းချဲ့တာနဲ့တစ်ပြိုင်နက်တည်း ကျွန်တော်တို့က လမ်းပေါ် မှာရှိတဲ့ ရေပြွန်တွေ၊ တံတားတွေပါချဲ့ရတာဖြစ်ပါတယ်။ ဒါကို ငါးနှစ်စီမံကိန်းနဲ့ ဆောင်ရွက်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ မှာတော့ မြေကြီးလုပ်ငန်း ၈ မိုင် ဆောင်ရွက်ပြီးတော့ ဒီ ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ မြေကြီးလုပ်ငန်း ၁၀ မိုင်နဲ့ ကတ္တရာလမ်း ၁၀ မိုင်ကို ဆောင်ရွက်ဖို့ဆိုပြီးတော့ လျာထားတာဖြစ်ပါတယ်။

တစ်ခါ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဟိုက်စတားကုမ္ပဏီဆောင်ရွက်တဲ့ ညောင်လေးပင်-ဇေယျဝတီအပိုင်း ၄၈ မိုင်ကို ကတ္တရာလမ်းချဲ့ခြင်းနဲ့ တံတားရေပြွန်များတိုးချဲ့ခြင်းလုပ်ငန်းကို ငါးနှစ်စီမံကိန်းဆောင်ရွက်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ မြို့တွင်းလမ်း ၈ လမ်းကို စုစုပေါင်း ၁၂ မိုင် ၂ ဖာလုံ တစ်ဖက် ၆ ပေ လမ်းချဲ့ခြင်းဆောင်ရွက်ခဲ့တာကြောင့် ယခုအချိန်မှာ ၃၆ ပေ လမ်းချဲ့ခြင်း ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းချဲ့ခြင်း ၁၀ မိုင် ထပ်မံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကမ္ဘောဇကုမ္ပဏီက ဆောင်ရွက်တဲ့ ဇေယျဝတီ-ရေတာရှည် အပိုင်း ၄၈ မိုင်မှာတော့ ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနဲ့ တံတားရေပြွန်ချဲ့ခြင်းကို ငါးနှစ် စီမံကိန်း ဆောင်ရွက်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ မှာ ၄၈ ပေအကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်း ၆ မိုင် ၁ ဖာလုံကိုတော့ မြို့တွင်းလမ်း ငါးခု ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းခင်းခြင်း ၅ မိုင်ထပ်မံဆောင်ရွက်ဖို့ဆိုပြီးတော့ လျာထားထားတာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အေးရှားဝေါလ်ကုမ္ပဏီက ဆောင်ရွက်တဲ့ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်း ၈၅ မိုင် ၂ ဖာလုံမှာတော့ ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ တံတားရေပြွန်များ တိုးချဲ့ခြင်းလုပ်ငန်းများ ငါးနှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ မှာ တံတား ရေပြွန် ၅၅ စင်းတိုးချဲ့ခြင်းနဲ့ မြေကြီးလုပ်ငန်း ၁၀ မိုင် ၄ ဖာလုံဆောင်ရွက်ခဲ့ပါတယ်။ ၄၈ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းကတော့ ၁ မိုင် ၂ ဖာလုံပဲ ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မြေကြီးလုပ်ငန်း ၅ မိုင် ၄ ဖာလုံနဲ့ လယ်ဝေးမြို့ရှောင်လမ်း ၃ မိုင်အပါအဝင် ၄၈ ပေအကျယ်လမ်းချဲ့ခြင်း ၄ မိုင်၊ တံတားရေပြွန် ၁၀ စင်းတိုးချဲ့ဖို့ စီမံဆောင်ရွက်ထားပါတယ်။ ထို့အတူပဲ ယုဇနကုမ္ပဏီကဆောင်ရွက်တဲ့ ရမည်းသင်း-မိတ္ထီလာအပိုင်းမှာ ၄၈ မိုင်ကို အကျယ်ချဲ့တဲ့အခါမှာ ငါးနှစ်စီမံကိန်း ရေးဆွဲထားပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၂ မိုင် ၆ ဖာလုံ ကတ္တရာလမ်းချဲ့ ပြီးတော့ မြေကြီးလုပ်ငန်းကို ၃ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ မှာတော့

၄၈ ပေအကျယ် ကတ္တရာခင်းခြင်း ၄ မိုင် ၇ ဖာလုံနဲ့ မြေကြီးလုပ်ငန်း ၅ မိုင် ၂ ဖာလုံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အတူပဲ သော်တာဝင်းကုမ္ပဏီကဆောင်ရွက်တဲ့ မန္တလေး-မိတ္ထီလာအပိုင်း ၈၇ မိုင် ၇ ဖာလုံမှာ ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနဲ့ တံတားရေပြွန်များ တိုးချဲ့ခြင်းလုပ်ငန်းများ လေးနှစ်စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအပိုင်းမှာတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၄၁ မိုင် ၅ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၄၈ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်း ၂၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ကုမ္ပဏီ အသီးသီးရဲ့ဆောင်ရွက်မှုကို တင်ပြခြင်းဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ၅-၁-၂၀၁၃ ရက်နေ့ ပဲခူးတိုင်း ဒေသကြီးခရီးစဉ်မှာ အဝေးပြေးလမ်းတစ်လျှောက်မှာ ဖြတ်သန်းသွားတဲ့မြို့ကြီးများမှာ မတော်တဆမှု များလျော့ပါးစေရေးအတွက် မြို့တွင်းလမ်းများချဲ့ပေးရန် လမ်းညွှန်ချက်နှင့်အညီ ဦးစားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေး လမ်းဟောင်းအား ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နောက်ထပ် ၂၄ ပေလမ်းကို အမြန်ဆုံးတိုးချဲ့ပေးရန်နှင့်ပတ်သက်ပြီး BOT စနစ်နဲ့ ဆောင်ရွက်ခွင့်ပြုထားတဲ့ကုမ္ပဏီ များကို လုပ်ငန်းစီမံချက်များနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးအတွက် တွန်းအားပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီးတော့ အချိန်မီမပြီးစီးပါက လုပ်ငန်းပမာဏကို တွက်ချက်ပြီးတော့ ငွေများ ပြစ်ဒဏ်အဖြစ် ဒဏ်ဆောင်ပေးရမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဝင်းစိန်မှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိ ပဲခူး-သနပ်ပင်-အုန်းနဲ့-သက္ကလ-ခရမ်းလမ်းမကြီးပေါ်ရှိတဲ့ တံတားသုံးစင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ဒီတံတားသုံးစင်းကို ရှင်းပြတဲ့အခါမှာ ပိုမို ပေါ်လွင်စေရန်အတွက် Power Point နဲ့ရှင်းပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ပဲခူး-သနပ်ပင်-ကမာစဲ-အုန်းနဲ့ဆိုတဲ့အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာ ဒါ ကျွန်တော်တို့ ကဝမြို့နယ်ထဲမှာ တံတားသုံးစင်း ရှိနေတာဖြစ်ပါတယ်။ ဒီတံတားသုံးစင်းကတော့ အလယ်ရွာတံတား ဒီထိပ်ကဟာဖြစ်ပါတယ်။ အရှည် ၆၉ ပေဖြစ်ပါတယ်။

**မူကြမ်း**

ဒုတိယတံတားကတော့ ရစ်ဝတံတားဖြစ်ပါတယ်။ ဒီတံတားက အရှည် ၉၆ ပေဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခမဲပြင်တံတားအရှည် ၆၉ ပေဖြစ်ပါတယ်။ ဒီတံတားများရဲ့ မူလအခြေအနေကတော့ ကျွန်တော်တို့ Slide မှာ ကြည့်လိုက်လို့ရှိရင် ဒီလိုပေါ်လွင်မှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ အလယ်ရွာတံတားရဲ့ အနေအထားဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ နှစ်စဉ်ပြုပြင်နေရတာပါ။ နောက်တံတားတစ်ခုက ဒါ ကျွန်တော်တို့ ရစ်ဝတံတားဖြစ်ပါတယ်။ နောက်တစ်ခုက ခမဲပြင်တံတားဖြစ်ပါတယ်။ ဒီတံတားတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ဆန်းစစ်တဲ့အခါမှာ တံတားတွေရဲ့အုတ်တိုင်ဟာ အုတ်ခုံတိုင်တွေနဲ့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အပေါ်မှာတော့ ယက်မက သံယက်မဖြစ်ပါတယ်။ အခင်းက ကြမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်းလည်းပဲ ဒီတံတားတွေနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်ထိန်းသိမ်းရေးဆောင်ရွက်နေပါတယ်။ အဲ့ဒီအတွက်ကြောင့် ဒီတံတားတွေထဲက ကျွန်တော်တို့ အလယ်ရွာတံတားနဲ့ ရစ်ဝတံတားနှစ်စင်းကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဒီတံတားတွေကို RC ကွန်ကရစ်တံတားအဖြစ် ကျွန်တော်တို့ တည်ဆောက်ပေးဖို့ ဘဏ္ဍာငွေတောင်းခံပြီးဆောင်ရွက်ပါ့မယ်။ ကျန်ရှိတဲ့ ခမဲပြင်တံတား ၆၉ ပေကိုတော့ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာပဲ အထူးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတောင်းခံပြီးတော့ အပြီးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဆက်လက်ပြီး အစီအစဉ် ၆ ကိုဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍။

**ဥက္ကဋ္ဌ**။ ။ မေးပါ။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ထပ်ဆင့်မေးမြန်းခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ ယခုဝန်ကြီးရှင်းလင်းပြသလို ဆောင်ရွက်မယ်ဆိုတာလည်းဝမ်းသာပါတယ်။ သို့ရာတွင် ၂၀၁၃-၂၀၁၄ မှာစတင်တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၉ မှာပြီးမယ်လို့လည်း ယူဆပါတယ်ခင်ဗျား။ သို့သော် ပျမ်းမျှအားဖြင့် တွက်မယ်ဆိုရင် ၄၈ မိုင်နဲ့စားမယ်ဆိုရင် တစ်နှစ်ကို ၁၀ မိုင်လောက်ပြီးရမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာကုမ္ပဏီများကို ဝန်ကြီးဌာနအနေနဲ့ တစ်နှစ်ကို ၁၀ မိုင်ဆိုရင် ၁၀ မိုင်မှာ ထိထိမိမိပြီးဖို့၊ ကြီးကြပ်

ပေးဖို့နဲ့ လိုအပ်လို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ကော်မတီများကလည်း ပြည်သူများရဲ့အကျိုးအတွက် ရှေးရှုပြီးတော့ ကြီးကြပ်ပေးဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ အခုလိုအကြံပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒါငါးနှစ်စီမံကိန်းဖြစ်တဲ့အတွက် ၄၈ ပေ ၈ မိုင်ရှိတဲ့အကျယ်တွေကို ကျွန်တော်တို့ ငါးနှစ်အတွင်း အပြီးဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုအဆင့်လိုက် ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ရဲ့အစီအစဉ်ကတော့ ဖြစ်နိုင်ရင် ပထမအဆင့် ၃၆ ပေ၊ နောက်တစ်ဆင့် ၄၈ ပေ ဒီလိုရည်မှန်းပြီး ဆောင်ရွက်သွားတာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့လည်း ၁၀ မိုင်စီပြီးအောင် နှစ်အလိုက် ၁၀ မိုင်စီမပြီးပြီးအောင် ကျွန်တော်တို့ တွန်းအားပေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်ရင်လည်း သက်ဆိုင်ရာဒေသတွေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရော၊ အထောက်အကူပြုကော်မတီတွေရော အားလုံးက လိုအပ်တဲ့ အကြံဉာဏ်များ ဝိုင်းဝန်းပေးပြီးတော့ ကျွန်တော်တို့ကို ကူညီဆောင်ရွက်ပေးဖို့လည်း မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ ကိုဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၈-၆-၂၀၁၄ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ

ဖော်ပြ၍ ၃၀-၆-၂၀၁၄ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်မှ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ တင်သွင်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးမောင်တိုးကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ပြင်ဆင်မှာကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ဥပဒေ ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ဥပဒေမှာ ကျွန်တော်တို့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)မှာ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏အရအသုံးစာရင်းများကိုစစ်ဆေးခြင်းဆိုပြီးတော့ ဒီဟာတစ်ခုပဲပါပါတယ်။ အဲ့ဒီတော့ နိုင်ငံတော်ရဲ့ အရအသုံးစာရင်းတစ်ခုတည်းကို စစ်ဆေးရမယ်လို့ဆိုတဲ့အခါကျတော့ ဒါကစာရင်းသဘောမှာဆိုလို့ရှိရင် တချို့သော အရအသုံးမှာ မပါတဲ့ဥစ္စာတွေရှိနေတဲ့အတွက် ပေးအပ်ထားတဲ့တာဝန်ဟာ ကျွန်တော်တို့ နည်းနည်းကျဉ်းမြောင်းနေသလို ဖြစ်နေပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံတစ်ခုရဲ့ စာရင်းတစ်ခုကို ကြည့်မယ်ဆိုလို့ရှိရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ Non-Budget ဆိုတဲ့ငွေတွေဟာ ကျွန်တော်တို့ Budget မှာမပါဘဲနဲ့ Non-Budget ဆိုတဲ့ငွေတွေဟာ ရှိပါတယ်။ Non-Budget ဟာဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံတကာမှာလည်း ဒါက ရှိပါတယ်။ အနည်းနဲ့အများရယ်၊ နောက်တစ်ခါ ကျွန်တော်တို့ စစ်ဆေးတဲ့ စနစ်တွေရယ် ဒါတွေပဲကွာပါတယ်။ ၂၀၁၁-၂၀၁၂ Non-Budget မှာကြည့်လို့ရှိရင် ရငွေဟာ ကျွန်တော်တို့ ၁၈၀၀၀ ဘီလီယံကျော်ဖြစ်ပြီးတော့ ပြန်ပြီးတော့ ပေးတဲ့ငွေဟာ ဘီလီယံ ၂၀၀၀၀ ကျော်ဆိုပြီးတော့ ကျွန်တော်တို့ စာရင်းစစ် အစီရင်ခံစာအရ တွေ့ရပါတယ်။ နောက် ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ကိုကြည့်မယ်ဆိုလို့ရှိရင်တော့ Non-Budget တွေဟာ ဒါတွေဟာ

Budget မှာမပါပါဘူး။ မပါတဲ့ဟာတွေဟာ ရငွေဟာ ဘီလီယံအားဖြင့် တစ်သိန်းကျော်ရှိပြီးတော့ ပြန်ပြီးတော့ ပေးတဲ့ငွေကလည်း တစ်သိန်းကျော်ရှိတယ်ဆိုပြီးတော့ ငွေတွေရဲ့စီးဆင်းမှုတွေဟာ ဒီမှာ ၂၀၁၂-၂၀၁၃ မှာ ဘာ့ကြောင့်များသွားရလဲဆိုရင် အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ကစပြီးတော့ SEE တွေကို သူတို့ရဲ့အမြတ်ထဲကနေ ၄၅ ရာခိုင်နှုန်းကို သူတို့ပြန်ပြီးတော့ အရင်းအနှီးလုပ်နိုင်အောင်ဆိုပြီးတော့ ဘတ်ဂျက်ထဲကိုမထည့်ဘဲနဲ့ သူတို့ရဲ့ OA စာရင်းမှာ ထည့်ထားပါတယ်။ ဒါလည်း ဒီကိစ္စတွေ ကျွန်တော်တို့က မပြေလည်သေးပါဘူး။ SEE တွေ နဲ့ပတ်သက်ပြီးတော့ရင် ဒီဟာတွေဟာ ဘတ်ဂျက်ကထုတ်တဲ့အတွက် ဒါတကယ်ဆိုရင်တော့ ဘတ်ဂျက်က Transparent မဖြစ်ဘူး ဖြစ်သွားတာပေါ့။ Transparent မဖြစ်ဘဲနဲ့ Non-Budget မှာ ငွေတွေကအရမ်းများလာပြီးတော့ ဘီလီယံကို သိန်းဂဏန်းကျော်ပေါ့။ ဒါငွေစီးဆင်းမှုတွေဖြစ်နေတဲ့အတွက် စာရင်းစစ်ကနေပြီးတော့ ကျွန်တော်တို့ကို အစီရင်ခံစာတင်သွင်းရာမှာ ဖော်ပြထားပါတယ်။

ဒါကျွန်တော်တို့ စာရင်းစစ်ရဲ့အစီရင်ခံစာရဲ့ခေါင်းစဉ် ဖြစ်ပါတယ်။ ဒီမှာကျွန်တော်တို့ ရှင်းထားပါတယ်။ နောက် Non-Budget ဆိုတဲ့ဥစ္စာတွေနဲ့ ပတ်သက်ပြီးတော့ ဒါတွေဟာဆိုလို့ရှိရင် ငွေလုံးငွေရင်းတို့၊ ကြွေးမြီတို့မှာမပါဘဲနဲ့ တခြားငွေဖြစ်တဲ့ ဒီဘတ်ဂျက်မှာမပါဘူးဆိုတာ အပိုဒ် ၆၃ မှာ ရေးထားပါတယ်။ အပိုဒ် ၆၄ မှာလည်းပဲ ရှင်းထားပါတယ်။ ဒီဥစ္စာတွေက အပ်ငွေစာရင်းတွေ၊ ကြိုတင်ငွေစာရင်းတွေ၊ လွှဲပို့ငွေစာရင်း ဒါတွေက နိုင်ငံတစ်ခုရဲ့ဘတ်ဂျက်ကို တစ်နှစ်တစ်ခါ၊ တစ်လတစ်ခါ ကျွန်တော်တို့က စာရင်းချုပ်တဲ့အခါမှာ ဒီဟာကပေါ်တာပါ။ ဒါတွေဟာ Audit ကဒါတွေကို စစ်လိုက်ရင်တော့ သူတို့ကတော့ ဒါတစ်နိုင်ငံလုံးကိုစစ်တာဆိုတော့ ဒါတွေဟာအဲ့ဒီကျမှပေါ်တဲ့ဟာတွေဖြစ်ပါတယ်။ ယာယီစာရင်းတင်ငွေတွေ၊ အခြားချေးငွေတွေ အဲ့ဒါမျိုးဖြစ်ပါတယ်။

နောက် အပိုဒ် ၆၅ ဒီဟာတွေဟာ ဘတ်ဂျက်မှာမပါသော်လည်းဘဲ တစ်လုံးတစ်စည်းတည်းသော နိုင်ငံတော်ရဲ့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေရဲ့ အစိတ်အပိုင်းဖြစ်တဲ့အတွက် ပြည်သူ့ဘဏ္ဍာရန်ပုံငွေကို ကြီးမားသော အကျိုးသက်ရောက်မှုကို ဖြစ်စေတယ်ဆိုပြီးတော့ အစီရင်ခံစာမှာ ရေးထားပါတယ်။ IMF ရဲ့ အစီရင်ခံစာမှာလည်း ဒီကိစ္စတွေကို ကျွန်တော်တို့နိုင်ငံမှာ OA လို့ခေါ်တဲ့ Other Account တွေဟာ ၁၃၀၀ ကျော်ရှိနေပြီးတော့ ဒါတွေက ပါလီမန်ရဲ့ Scrutinize, Oversight တွေဟာ လွတ်နေတယ်ဆိုပြီးတော့ ရေးထားတဲ့အတွက် ဒါတွေတော့ ကျွန်တော်တို့က ဒါတွေပြင်ဖို့လုပ်နေပါတယ်။ ဒီမှာ အပိုဒ် ၆၆ ကတော့ စောစောကဇယားပါ။ အပိုဒ် ၆၇ မှာ ဒီဟာတွေဟာ စနစ်တကျကြီးကြပ်ထိန်းချုပ်

ကွပ်ကဲရန် အလွန်အရေးကြီးပါတယ်ဆိုပြီး ဒါစာရင်းစစ်ချုပ်ရဲ့ Wording တွေအားလုံးကို တစ်လုံးမကျန် ပြန်ရိုက်ထားတာဖြစ်ပါတယ်။

နောက်ကျွန်တော်တို့ အပိုဒ် ၆၈ ဒါဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ စာရင်းစစ်ချုပ်ရဲ့တာဝန်ဟာ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်အရအသုံးစာရင်းများ စစ်ဆေးရန်ဖြစ်တဲ့အတွက် ခုနက စောစောကပြောတဲ့ အထက်ပါစာရင်းများဟာ အရအသုံးခန့်မှန်းခြေခွင့်ပြုချက်မပါတဲ့အတွက် ဥပဒေအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေမှ စစ်ဆေးရန်မလိုအပ်ကြောင်း ဖော်ပြနိုင်ပါတယ်ဆိုပြီးတော့ တစ်စုံတစ်ယောက်ကနေ ဒါတွေဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်က စစ်လို့မရဘူး။ ဘတ်ဂျက်မှာ မပါတဲ့ဟာတွေလို့ ပြောလာနိုင်တယ်ဆိုတဲ့သဘောမျိုး အစီရင်ခံထားတယ်လို့ ကျွန်တော်တို့အနေနဲ့ တွေ့ရှိရပါတယ်။

နောက် အပိုဒ် ၆၉ ဒီငွေနဲ့ပတ်သက်ပြီး ဆက်ရှင်းထားပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် အရေးကြီးတဲ့အကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ယူပြီးတော့ လုပ်ရမယ်ဆိုတဲ့အကြောင်း၊ ဒီလိုမျိုးတွေ စာရင်းစစ်ချုပ်က အစီရင်ခံထားတဲ့အတွက် ကျွန်တော်တို့ သိရသလောက်တော့ Internal Audit စနစ်တွေကို အစိုးရအဖွဲ့က ပြန်လုပ်ဖို့ရှိတယ်လို့ သိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ဒီ Internal Audit ဆိုရင် လွှတ်တော်ကမသိနိုင်ပါဘူး။ ကျွန်တော်တို့က စာရင်းစစ်ချုပ်က စစ်မှသာလျှင် ကျွန်တော်တို့ လွှတ်တော်က သိပြီးတော့မှ Transparent ဖြစ်မှာ ဖြစ်ပါတယ်။ အဲ့တော့ ဒီအပိုဒ်မှာပဲ အပိုဒ် ၆၉ မှာပဲ ဆက်ရေးထားတာကတော့ ဖော်ပြပါစာရင်းများကို စာရင်းစစ်အဖွဲ့များ၏ စစ်ဆေးမှုခံယူရန်လည်း လိုအပ်ကြောင်း တွေ့ရှိရပါတယ်ဆိုပြီးတော့ အစီရင်ခံစာမှာ ရေးထားပါတယ်။

ဒါကြောင့်မို့လို့ ဒီစာရင်းစစ်ချုပ်ရုံးရဲ့ဥပဒေပုဒ်မ ၁၁ မှာရှိတဲ့ နောက်ဆုံးအချက်ကို ထပ်ပြီးတော့ (ပ)အနေနဲ့ ကျွန်တော်တို့ကတိုးတာကတော့ တင်ပြပါအတိုင်း ဒါဆိုလို့ရှိရင် အရအသုံးခန့်မှန်းခြေတွင် ပါဝင်ခြင်းမရှိသော်လည်း ဘဏ်မှ ငွေတိုးကန့်သတ်ချက်ဖြင့် ထုတ်သုံးရသော အသုံးစရိတ်ဖြစ်သည့် အပ်ငွေစာရင်းများ၊ ကြိုတင်ထုတ်ပေးငွေစာရင်းများ၊ ယာယီစာရင်းတင်ငွေများ၊ အခြားချေးငွေများ၊ လွှဲပို့ငွေစာရင်းများဆိုင်ရာ ရငွေ/ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ စနစ်တကျကြီးကြပ် ထိန်းချုပ်ကွပ်ကဲမှုရှိ/မရှိ စစ်ဆေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဆိုတဲ့ စာရင်းစစ်ချုပ်ရုံးရဲ့ တာဝန်ပုဒ်မ ၁၁ မှာ တစ်ချက်တိုးပြီးတော့ ဖြည့်စွက်ဖို့၊ ပြင်ဆင်ဖို့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။

**မူကြမ်း**

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရလို့ရှိရင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)**။ ။ လေးစားအားထားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၊ ပြည်သူ့ငွေစာရင်းကော်မတီမှ တင်သွင်းထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာစသည့် အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးပြီးသွားနေတဲ့ ယခုအစိုးရသစ်ရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ စောင့်ကြည့်ထိန်းညှိမှုဆိုတဲ့ နည်းလမ်းကို ပိုမိုပီပြင်အသက်ဝင်စေနိုင်တဲ့အတွက်ကြောင့်မို့လို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခွန်မောင်သောင်းမှ လေးစားစွာထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီး ဆက်လက်ဆွေးနွေးဖို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုကိုတင်သွင်းပြီး ဥပဒေကြမ်းကို ပြင်ဆင်ဖို့ကိစ္စသည် စာရင်းစစ်ချုပ်အဖွဲ့ရဲ့လုပ်ပိုင်ခွင့်များကို ပိုမိုတိုးမြှင့်ပေးထားတာလည်းဖြစ်သလို တစ်ဖက်က ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ၊ ပြည်သူ့ဘဏ္ဍာငွေ ပြောမယ်ဆိုရင် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် ဖြစ်မြောက်တဲ့ဥပဒေတစ်ခုဖြစ်လာအောင် တင်ပြခြင်းဖြစ်တယ်လို့လည်း အားလုံးသဘောရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြု

**မူကြမ်း**

ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၆-၆-၂၀၁၄ (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၂း၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

မှုကြမ်း